

# အမေရိကန်ပြည်ထောင်စုရှိ ပညာရေး

အမေရိကန်ပြည်ထောင်စုတွင် စွမ်းဆောင်ရည်၊ လိင်၊ အသက်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ လိင်ပိုင်းဆိုင်ရာ စိတ်ကိုင်းညွှတ်မှု သို့မဟုတ် လူမှုရေးအဆင့်အတန်း မည်သို့ရှိစေကာမူ ကလေးများအားလုံးကို ပညာသင်ကြားပေးပါသည်။ အများပြည်သူကျောင်းများကို အခမဲ့ တက်ရောက်နိုင်ပြီး အများပြည်သူကျောင်းများနှင့် ပတ်သက်သော ဥပဒေများ၊ ထုံးတမ်းစဉ်လာများ ရှိပါသည်။ သတ်မှတ်အသက်အရွယ် ရောက်ရှိနေသော ကလေးများသည် မဖြစ်မနေ ကျောင်းတက်ရပြီး ကလေးဘဝမှစတင်ကာ ဆယ်ကျော်သက် အရွယ်အထိ ဆက်လက် တက်ရောက်ရပါသည်။ မသင်မနေရ ပညာရေးအတွက် အသက် အတိအကျကို ပြည်နယ်အသီးသီးက သတ်မှတ်ထားပါသည်။ မိဘများက မိမိတို့သားသမီးများ၏ ပညာရေးတွင် ကျောင်းမှန်မှန် တက်ခိုင်းရန်၊ နည်းလမ်းမျိုးစုံဖြင့် အကူအညီပေးရန် ကျောင်းများက မျှော်လင့်ထားပါသည်။

## ကလေးများနှင့် လူငယ်များ

အများပြည်သူကျောင်းများကို တစ်နိုင်ငံလုံးတွင် အခမဲ့ တက်ရောက်နိုင် ပါသည်။ ဥပဒေအရ အများပြည်သူကျောင်းများသည် ဘာသာရေး ဆိုင်ရာ ဆက်နွှယ်မှုမရှိရပါ။ အများပြည်သူကျောင်းများကို ဒေသ အများစုတွင် တက်ရောက်နိုင်ပြီး အချို့ကျောင်းများတွင် ဘာသာရေး ဆိုင်ရာ ဆက်နွှယ်မှုရှိနိုင်သည်။ ပုဂ္ဂလိကကျောင်းများက သင်တန်းကြေး ကောက်ခံကြပြီး အလွန်စျေးကြီးနိုင်ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ကလေးများအတွက် ပညာရေး အဆင့်လေးဆင့် ရှိပါသည်။ အတန်းတူသော ကလေးများသည် အသက် ကွာခြားမှုရှိနိုင်သော်လည်း ကလေးအများစုမှာ တစ်ယောက်နှင့် တစ်ယောက် အသက် ၁ နှစ်မှ ၂ နှစ်အထိသာ ကွာခြားလေ့ရှိသည်။ အများပြည်သူကျောင်းများ၌ ယောက်ျားလေးနှင့် မိန်းကလေး အတူကျောင်းတက်ရပါသည်။

အထက်တန်းအောင်မြင်ပြီး ပညာရေးမှတ်တမ်း ကောင်းမွန်သော ကျောင်းသားများက ကောလိပ် သို့မဟုတ် တက္ကသိုလ်တစ်ခုတွင် ဆက်လက်ပညာသင်ကြားလေ့ ရှိပါသည်။ သို့သော် အဆင့်မြင့် ပညာရေးမှာ အခမဲ့မဟုတ်ပါ။ အထက်တန်းအောင်ပြီးနောက် အသက်မွေးဝမ်းကြောင်း သင်တန်းများ ရှိပြီး ကောလိပ်၊ တက္ကသိုလ်များထက် ကုန်ကျစရိတ် သက်သာပါသည်။



## ကလေးများနှင့် လူငယ်များ

### ပညာရေးအဆင့်လေးဆင့်

**မူကြို။** ဤအဆင့်သည် အသက် ၃ နှစ်မှ ၅ နှစ်အရွယ် ကလေးများအတွက် ဖြစ်သည်။ ဥပဒေအရ သတ်မှတ်ထားခြင်း မရှိသလို အခမဲ့ သင်ကြားပေးလေ့မရှိပါ။

**မူလတန်း။** ဤအဆင့်သည် သူငယ်တန်း (၅ နှစ်) မှစတင်ကာ ငါးတန်း သို့မဟုတ် ခြောက်တန်း (၁၂ နှစ်) အထိဆက်လက်သင်ကြားပါသည်။

**အလယ်တန်း သို့မဟုတ် အထက်တန်းအောက်အဆင့်။** ဤအဆင့်သည် အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ ကလေးများအတွက် ခြောက်တန်း သို့မဟုတ် ခုနစ်တန်း ပါဝင်လေ့ရှိပြီး ရှစ်တန်း သို့မဟုတ် ကိုးတန်းအထိ ဆက်လက်သင်ကြားပါသည်။

**အထက်တန်း။** ဤအဆင့်တွင် အသက် ၁၄ နှစ်မှ ၁၈ နှစ်အထိ ကလေးများအတွက် ကိုးတန်း သို့မဟုတ် ဆယ်တန်းမှသည် ဆယ့်နှစ်တန်းအထိ ပါဝင်ပါသည်။ ဤအဆင့်တွင် ကျောင်း၏ သတ်မှတ်အဆင့်အတိုင်း အောင်မြင်သောကျောင်းသားများက အထက်တန်း အောင်လက်မှတ် ရရှိပါသည်။

## အရွယ်ရောက်ပြီးသူများ



PHOTO | **E. HOCKSTEIN**

လူတစ်ယောက်သည် ပညာရပ်အသစ်များသင်ယူရန် အိုမင်းသွားပြီဟူ၍ လုံးဝမရှိကြောင်း အမေရိကန်လူမျိုးများက ယုံကြည်ပါသည်။ အရွယ်ရောက်ပြီးသူများ၊ မြီးကောင်ပေါက် အရွယ်များအတွက် ပညာရေး အခွင့်အလမ်း များစွာရှိသော်လည်း ဒုက္ခသည်များက ပညာသင်ကြားခြင်းနှင့် အလုပ်လုပ်ကိုင်ခြင်းအကြား အားသာချက်၊ အားနည်းချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ပညာသင်ခြင်းက အနာဂတ် အလုပ်အကိုင်အခွင့်အလမ်းများ ပိုကောင်းစေနိုင်သော်လည်း ဒုက္ခသည်များက မိမိကိုယ်တိုင်ရော၊ မိသားစုကိုပါ ထောက်ပံ့ရန် ချက်ချင်း အလုပ်လုပ်ကိုင်ဖို့ လိုပါသည်။ အမေရိကန်ပြည်ထောင်စု၌ အရွယ်ရောက်ပြီးသူများအတွက် ပညာရေးမှာ အကုန်အကျများနိုင်ပါသည်။ ဒုက္ခသည်များအတွက် အကောင်းဆုံးရွေးချယ်စရာမှာ ကျောင်းကိုအချိန်ပိုင်းတက်ပြီး အလုပ်ကိုအချိန်ပြည့်လုပ်ရန် ဖြစ်ပါသည်။

အသိုင်းအဝိုင်းအများစုတွင် အရွယ်ရောက်ပြီးသူများအတွက် အောက်ပါတို့အပါအဝင် ပညာရေးအခွင့်အလမ်းများစွာ ရှိပါသည်-

- အင်္ဂလိပ်ဘာသာစကားနှင့် စာပေသင်တန်းများ
- ကွန်ပျူတာနည်းပညာ၊ နိုင်ငံခြားဘာသာစကားနှင့် စာရေးစာချီ လုပ်ငန်းစသည့် နယ်ပယ်များအတွက် သင်တန်းများ
- အထက်တန်းအောင်လက်မှတ် မရှိသော အရွယ်ရောက်ပြီးသူများ အတွက် ဂျနရယ် အယ်ဂျူကေးရှင်း ဒီဗဲလမန့် (ဂျီအီးဒီ) ဒီပလိုမာဘွဲ့ (အထွေထွေ ပညာရေးတိုးတက်မှု (GED) ဒီပလိုမာဘွဲ့)။
- အသက်မွေးဝမ်းကြောင်းနှင့် နည်းပညာကျောင်းများ
- ဒေသကောလိပ်များ (၂ နှစ်သင်တန်းများ ဖြစ်လေ့ရှိသည်)
- ကောလိပ် သို့မဟုတ် တက္ကသိုလ်များ (၄ နှစ်သင်တန်းများ ဖြစ်လေ့ရှိသည်)
- ပညာရပ်နယ်ပယ်များစွာအတွက် အဆင့်မြင့်ဘွဲ့များပေးသော ဘွဲ့ကြိုသင်တန်းကျောင်းများ။

ထိုသင်တန်းများ၊ ကျောင်းများနှင့် ကောလိပ်များ၏ ကုန်ကျစရိတ်မှာ အလွန်ကွဲပြားပါသည်။ ကျောင်းနှင့် ကောလိပ်အများစုက လိုအပ်ချက်ရှိသော ကျောင်းသားများအား ငွေကြေးအထောက်အပံ့အချို့ ပေးပါသည်။

## ယဉ်ကျေးမှု အပြောင်းအလဲ

အမေရိကန် ကျောင်းများတွင် ယေဘုယျအားဖြင့် ကိုယ်တိုင်ပါဝင်ပြီး အပြန်အလှန် ဆောင်ရွက်ရသော ကျောင်းစာသင်ခန်းပတ်ဝန်းကျင် ရှိသည့်အတွက် အခြားနိုင်ငံများမှ စာသင်ပေးပြီးအလွတ်ရွတ်ဆိုသော သင်ကြားနည်းများနှင့် မတူညီပါ။ ကိုယ်ပိုင် အတွေးအခေါ်နှင့် တစ်ဦးချင်း စွမ်းဆောင်ရည်အပေါ်တွင်လည်း အလွန်တန်ဖိုးထားပါသည်။ အုပ်စုလိုက် လေ့လာသင်ယူမှုက အရေးကြီးသော်လည်း ကျောင်းသားများကို သူတို့၏ ကိုယ်ပိုင်အောင်မြင်မှုများပေါ်တွင် အဓိကအကဲဖြတ်စစ်ဆေးပါသည်။

မိဘများက အင်္ဂလိပ်စာ သိပ်မတတ်လျှင်ပင် မိမိတို့သားသမီးများအား ကူညီပံ့ပိုးပေးနိုင်သော နည်းလမ်းများစွာ ရှိပါသည်။ ဒုက္ခသည် မိဘများက သူတို့သားသမီးများ၏ ပညာရေးတွင် ပါဝင်နိုင်သော နည်းလမ်းအချို့မှာ-

- ကျောင်းမဖွင့်မီ နွေရာသီကာလ၌ ကျောင်းသို့လာရောက် လေ့လာခြင်း သို့မဟုတ် အကြိုမိတ်ဆက်ခြင်း အစီအစဉ်များ ကျောင်းတွင် ရှိ၊ မရှိ လေ့လာပါ။
- သင့်သားသမီးကို ထိုနေ့တွင် ကျောင်းနှင့်ပတ်သက်၍ သူက လေ့လာမိထားသမျှကို မေးမြန်းပါ။
- သင့်သားသမီးအတွက် ပေးလိုက်သောအိမ်စာကို မေးမြန်းပါ သို့မဟုတ် သူတို့၏ လေ့ကျင့်ခန်းစာအုပ် သို့မဟုတ် အိမ်စာဖိုင်တွဲကို လေ့လာပါ။
- သင့်သားသမီး၏ကျောင်းတွင် အင်္ဂလိပ်စာကို ဒုတိယဘာသာစကား အဖြစ် သင်ကြားပေးသောသင်တန်း (ESL) များ ရှိပါက တက်ရောက်ပါ။
- မိဘ-ဆရာ အစည်းအဝေးများ တက်ရောက်ပါ။
- ကျောင်းအားကစားအသင်း သို့မဟုတ် အနုပညာကလပ် စသည့် စာသင်ချိန်ပြင်ပ လှုပ်ရှားမှုများတွင် ကူညီပါ။
- သင့်သားသမီး၏ စာသင်ခန်းတွင် စေတနာ့ဝန်ထမ်း ဆောင်ရွက်ပါ။
- သင့်သားသမီးကို ဘတ်စ်ကားမှတ်တိုင် သို့မဟုတ် ကျောင်းသို့ လမ်းလျှောက်ခေါ်သွားပါ။
- သင့်သားသမီးနှင့်အတူ အိမ်စာကူလုပ်ပေးပါ။



PHOTO | **EMILY SENAKER**


**Cultural Orientation Resource Exchange**
8719 Colesville Road, 3rd Floor • Silver Spring, MD 20910


For more information, visit the CORE Resettlement Navigator website at **corenav.org**.

CORE Cultural Orientation Resource Exchange

INTERNATIONAL RESCUE COMMITTEE

The contents of this fact sheet were developed under an agreement financed by the Bureau of Population, Refugees, and Migration, United States Department of State, but do not necessarily represent the policy of that agency and should not assume endorsement by the Federal Government. **This material is in the public domain and may be reproduced.**